ဗိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇန်နဝါရီလ ၂၀၁၈

**"အိုထာဝရဘုရား၊ လက်ျာလက်တော်သည်တန်ခိုးတော်အားဖြင့် ဘုန်းကြီးတော်မူ၏။"**
**(ထွက်မြောက်ရာ ၁၅း၆)**

ယခုလအတွက်အသက်ပေးသည့်နှုတ်တော်ထွက်စကားမှာ မောရှေသီကုံးစပ်ဆိုခဲ့သောချီးမွမ်းသီချင်းပိုဒ်မှ ဖြစ်ပြီး ဓမ္မဟောင်းကျမ်း၏တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည့် အစ္စရေးလူမျိုးတို့၏သမိုင်းကြောင်းတွင် ဘုရားသခင် ကြားဝင်ဆောင်ရွက်ပေးခြင်းအတွက် ချီးမွမ်းခြင်းလည်းဖြစ်သည်။ ထိုချီးမွမ်းသီချင်းမှာ အီဂျစ်ပြည်တွင် ကျေးကျွန်ဘဝမှ ခရီးရှည်ကြီးဖြတ်သန်းကာ ကတိတော်ထားရာမြေသို့ရောက်ရှိစေဖို့ ထိုလူမျိုးစုအား ဘုရားသခင် အဓိက လမ်းပြပို့ဆောင်ကယ်တင်ပေးခဲ့ခြင်းအတွက် ချီးမွမ်းဧကျူးထားခြင်းဖြစ်သည်။

အစ္စရေးလူမျိုးတို့သည် လမ်းခရီးတစ်လျှောက်တွင် ဒုက္ခအခက်အခဲမျိုးစုံကြုံတွေ့ခဲ့ရသော်လည်း ဘုရားသခင်၏အမြဲမပြတ်ကွယ်ကာစောင့်ရှောက်မှုနှင့် မိုးဇက်နှင့်ယောရှုကဲ့သို့သော ဘုရားသခင်၏ကယ်တင်ခြင်းစီမံကိန်းတော်အတွက် မိမိကိုယ်ကိုဆက်ကပ်ထားသောပုဂ္ဂိုလ်များ၏ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အရာရာကိုဖြတ်ကျော်အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

**"အိုထာဝရဘုရား၊ လက်ျာလက်တော်သည်တန်ခိုးတော်အားဖြင့်ဘုန်းကြီးတော်မူ၏။"**

တန်ခိုးဟုဆိုလိုက်လျှင် ကျွန်ုပ်တို့အနေဖြင့် တိုင်းနိုင်ငံများရှိပြည်သူများအကြား ဖိနှိပ်မှုများနှင့်ပဋိပက္ခများ ဖြစ်စေတတ်သောအင်အားသြဇာအာဏာဟု အလွယ်တကူမှတ်ယူတတ်ကြပါသည်။ အမှန်အားဖြင့် စစ်မှန်သော တန်းခိုးမှာ သခင်ယေရှုး၌အထင်အရှားမြင်တွေ့ခဲ့ရသော ချစ်ခြင်းမေတ္တာပင်ဖြစ်ကြောင်း ဘုရားသခင်၏ နှုတ်တော်ထွက်စကားကဖော်ပြလျက်နေပါသည်။ ကိုယ်တော်ရှင်သည်သေဆုံးသည့်တိုင်အောင် လူဇာတိခံယူခဲ့စဉ် တစ်လျှောက်လုံး ကျွန်ုပ်တို့အား လွတ်မြောက်ခြင်းလမ်းစနှင့် အဖခမည်းတော်ဘုရားအားဆုံတွေ့နိုင်စေရန် လမ်းစကိုဖွင့်ပေးခဲ့ပါသည်။ ကိုယ်တော်ရှင်အား ကျေးဇူးတင်ထိုက်လှပါသည်။ လူသားတို့အတွက်ဘုရားသခင်၏ ကြီးမားလှသောချစ်ခြင်းမေတ္တာဘုန်းတန်ခိုးတော်ကိုဖော်ပြခဲ့ပါသည်။

**"အိုထာဝရဘုရား၊ လက်ျာလက်တော်သည်တန်ခိုးတော်အားဖြင့်ဘုန်းကြီးတော်မူ၏။"**

ကိုယ့်ကိုယ်ကိုပြန်ကြည့်မည်ဆိုလျှင် ကျွန်ုပ်တို့သည် အားနည်းချက်များရှိနေသည်ဟု ပွင့်ပွင့်လင်းလင်း ပြောရပေမည်။ ကိုယ်ကာယ၊ စာရိတ္တ၊ စိတ်ပိုင်းဆိုင်ရာနှင့်လူမှုရေးဆိုင်ရာ အားလုံးအကြုံးဝင်သည့် အတိမ်းအစောင်းမခံသောလူသားဆန်ခြင်းသည် အမှန်ပင်ဖြစ်သည်ကိုမငြင်းနိုင်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့၏ အားနည်းချက်များက ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်ကို တွေ့ကြုံခံစားရရှိစေနိုင်သည်။ အမှန်မှာ ဘုရားသခင်

သည်သူ၏သားသမီးများဖြစ်ကြသောလူသားအားလုံးကို ဝမ်းမြောက်ပျော်ရွှင်စေလိုပါသည်။ အများကောင်းကျိုး အတွက်၊ ငြိမ်းချမ်းခြင်းအတွက်နှင့်သဟာယစိတ်ထားဖြင့် ပေါင်းစည်းညီညွတ်ရေးအတွက် ကိုယ်တော်ရှင်၏ လက်တော်သို့နှိမ့်ချဝပ်တွားစွာ မိမိကိုယ်ကိုဆက်ကပ်အပ်နှံသောသူတို့အား ဘုန်းတန်ခိုးကြီးစွာဖြင့် ကူညီဖို့ရန် အသင့်ရှိပါသည်။

ဤကျမ်းချက်သည် ယခုလအတွင်း ခရစ်ယာန်များစည်းလုံးခြင်းဆိုင်ရာ ဝတ်ပြုဆုတောင်းခြင်း ရက်သတ္တပတ်အတွက်၊ ရာစုနှစ်ပေါင်းများစွာ ကျွန်ုပ်တို့အချင်းချင်းအပြန်အလှန်အထင်အမြင်သေးစွာရှုမြင်ခြင်းဖြင့် ထိခိုက်နစ်နာစေခြင်း၊ ကွဲပြားမှုများဖန်တီးခြင်းနှင့်သံသယမျိုးစေ့ပျိုးကြခြင်း၊ အဖွဲ့အစည်းအသိုင်းအဝိုင်းများနှင့် မိသားစုများကွဲပြားနေခြင်းတို့က မည်မျှထိခိုက်ခံစားနေကြရသည်ကို ထည့်သွင်းစဥ်စားရန်အတွက် အမြော်အမြင် ရှိသောရွေးချယ်မှုပင်ဖြစ်သည်။

**"အိုထာဝရဘုရား၊ လက်ျာလက်တော်သည်တန်ခိုးတော်အားဖြင့်ဘုန်းကြီးတော်မူ၏။"**

ဆုတောင်းခြင်းအားဖြင့်စည်းလုံးညီညွတ်ခြင်းကျေးဇူးတော်အား ဘုရားသခင်ထံမှလက်ဆောင်တော်အဖြစ် တောင်းလျှောက်ရန်လိုအပ်ပါသည်။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ချစ်ခြင်းမေတ္တာတော်အတွက် အသုံးခံ အဖြစ် ကျွန်ုပ်တို့သည်မိမိကိုယ်ကိုပေးဆက်ခြင်းဖြင့် ပေါင်းကူးတံတားတည်ဆောက်နိုင်ပါသည်။ ၂၀၀၂ခုနှစ်က ဂျီနီဗာတွင်ကျင်းပခဲ့သော ကမ္ဘာ့ခရစ်ယာန်အသင်းတော်များကောင်စီညီလာခံကြီးတွင် ကယားရာလူးဘစ်အား သူမ၏အတွေးခေါ်နှင့် အတွေ့အကြုံတို့ကိုဝေမျှပေးဖို့ ဘိတ်ကြားခြင်းခံခဲ့ရပါသည်။

အပြန်အလှန်ဆွေးနွေးဖလှယ်ခြင်းအား မည်သူပင်ဖြစ်ပါစေ၊ ဦးစွာပထမ မိမိနှင့်တန်းတူလုပ်ဖော် ဆောင်ဘက်ကဲ့သို့သဘောထားပြီး အစပြုလုပ်ဆောင်ရပါမည်။ ထို့နောက် မိမိတို့၏စိတ်ကို ရှင်းစွာထားပြီး ဆွေးနွေးဘက်၏တင်ပြချက်ကိုနားထောင်ပေးရမည်။ ယင်းကား အခြားသူတစ်စုံတစ်ဦးကို ကျွန်ုပ်တို့အနေဖြင့် လက်ခံပြီး နားလည်မှုပေးနိုင်ဖို့ပင်ဖြစ်သည်။ အကြောင်းမှာသူတို့သည် ချစ်ခြင်းမေတ္တာဖြင့်နားထောင်ပေးခြင်း ခံရသည့်အတွက် ကျွန်ုပ်တို့ပြောမည့်စကားကိုလည်း သူတို့အနေဖြင့်နားထောင်ပေးဖို့အသင့်ဖြစ်သောကြောင့်တည်း။

ယခုလအတွက်ကျွန်ုပ်တို့နေ့စဥ်နှင့်အမျှဆက်ဆံနေရမှုများအပေါ်အခွင့်ကောင်းယူလျက်တစ်ဦးချင်းစီအပေါ် တွင်လည်းကောင်း၊ မိသားစုများ သို့မဟုတ်အခြားအသင်းတော်များနှင့်စပ်ဆိုင်သော အသင်းအဖွဲ့အစည်းနှင့် သော်လည်းကောင်း ပို၍လေးနက်တည်ကြည်သောဆက်ဆံရေးကို ပြန်လည်ထူထောင်ကြပါစို့။

ထို့အပြင် နောင်ဆိုလျှင် မိမိတို့ဘာသာတူအသိုင်းအဝိုင်းအတွင်း သို့မဟုတ် နိုင်ငံရေးလောက၊ ဝန်ထမ်း လောက၊ မိသားစုများ စသည့်သက်ဆိုင်ရာအသိုင်းအဝိုင်းများအတွင်း ကွဲပြားမှုများအတွက် ကျွန်ုပ်တို့ ဆုတောင်းခြင်းနှင့် အလေးပေးဆောင်ရွက်ခြင်းတို့ တိုး၍ပြုလုပ်သင့်သည်မဟုတ်ပါလား။ ကျွန်ုပ်တို့သည်လည်း **"အိုထာဝရဘုရား၊ လက်ျာတော်သည် တန်းခိုးတော်အားဖြင့်ဘုန်းကြီးတော်မူ၏"** ဟု ဝမ်းမြောက်ခြင်းဖြင့် သက်သေခံနိုင်ကြပါ သည်။

*Letizia Magri*